ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
၂၀၁၃-၂၀၁၆ခုနှစ် အလုပ်အမှုဆောင်သစ်ရွေးချယ်ပုံစနစ် အလုပ်အမှုဆောင်၏အရည်အချင်း

ယခင်ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ရွေးကောက်ပွဲနှင့်ပတ်သက်၍ ကြိုတင်ဆောင်ရွက်ထားမှုများသည် တရားမျှတမှု ရှိ/မရှိကို စစ်ဆေးပေးပါရန်ကိစ္စ။

(၁) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ၂၀၁၃-၂၀၁၆ခုနှစ် အလုပ်အမှုဆောင်သစ် ရွေးချယ်ပွဲအား ၂၀၁၃-ခုနှစ်၊ ဇွန်လ၊ (၁၅)ရက်၊ (စနေနေ့)တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၂၉)ရှိ အသင်းချုပ်ရုံးတွင် နံနက် (၈)နာရီအထိ ကျင်းပပြုလုပ်ခဲ့ပါသည်။

(၂) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်သည် အလွန်ကောင်းမွန်သော ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားပြီး မြန်မာနိုင်ငံတွင် နှစ်ပေါင်းကြာရှည်စွာ ရပ်တည်နေသော အသင်းဖြစ်ပါသည်။ အသင်းချုပ်တွင် ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ကြသော ဥက္ကဋ္ဌနှင့် အမှုဆောင်များ၏ အရည်အချင်းနှင့် ဆောင်ရွက်ချက်များ၊ ရွေးချယ်ပုံသမိုင်းနောက်ကြောင်း ပြန်မလှည့်ချင်လိုသောကြောင့် မဝေဖန်လိုပါ။ သို့သော်လည်း ယနေ့အချိန်ကာလသည် မြန်မာနိုင်ငံကို ပြုပြင်ပြောင်းလဲလိုသော သမ္မတကြီးနှင့် အုပ်ချုပ်ရေး၊ စီးပွားရေးဆိုင်ရာ ဝန်ကြီးများ၊ လွှတ်တော်ဥက္ကဋ္ဌများ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ပြင်ပ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးကဏ္ဍအသီးသီးတို့တွင် ဦးဆောင်နေသော ပုဂ္ဂိုလ်များသည် နေ့မအား၊ ညမအား ကြိုးစားဆောင်ရွက်နေသော အချိန်ကာလဖြစ်ပါသည်။ ဖြစ်ပြီးခဲ့သော အကြောင်းအရာများကို သင်ခန်းစာယူ၍ ယခု အမှုဆောင်ရွေးချယ်ပွဲအား မှန်ကန်မှု၊ တရားမျှတမှုနှင့် ကုန်သည်စက်မှုအသင်းချုပ်၏ ရည်ရွယ်ချက်အောင်မြင်နိုင်စေရေးအတွက် အပြုသဘောဆောင်သော ဝေဖန်အကြံပြုမှုများ ပြုလုပ်ရခြင်းဖြစ်ပါသည်။

(၃) ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရာတွင် ပွင့်လင်းမြင်သာပြီး စနစ်တကျရှိစေရန်အတွက်

(က) အတွေ့အကြုံရင့်ကျက်၍ အများကြည်ညိုလေးစားသော ပုဂ္ဂိုလ်များဖြင့် ရွေးချယ်တင်မြှောက်ပွဲ ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်း၍ ၎င်းကော်မရှင်မှ ကြီးကြပ်ကျင်းပပေးမည်ဟုလည်းကောင်း၊

(ခ) လက်ရှိဆောင်ရွက်နေသည့် အလုပ်အမှုဆောင်အဖွဲ့၊ ဗဟိုအလုပ် အမှုဆောင်အဖွဲ့ဝင်အားလုံး နုတ်ထွက်ပေးမည်ဖြစ်ပြီး၊ တွဲဖက်အသင်းသားများနှင့် ဂုဏ်ထူးဆောင်အသင်းသားများမှအပ အသင်းဖွဲ့စည်းမျဉ်းပါ အရည်အချင်းများနှင့် ကိုက်ညီပြီး အသင်းဝင်သက်တမ်းရှိသည့် အသင်းသားများသည် အသင်းအလုပ်အမှုဆောင်အဖြစ် ရွေးချယ်ခံခွင့်ရှိပါကြောင်း။

(ဂ) ရွေးချယ်ခံမည့်ပုဂ္ဂိုလ်များ၏ ကိုယ်ရေးအချက်အလက်များကို ရွေးကောက်ပွဲ ကော်မရှင်မှ စိစစ်ပြီးအရည်အချင်း ပြည့်မီသော ရွေးချယ်ခံမည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ထုတ်ပြန်မည်ကြောင်း၊ ၂၀၁၃-ခုနှစ်၊ ဇွန်လ (၉)ရက်နေ့တွင် ကုန်သည်စက်မှု အသင်းချုပ်မှ သတင်း ထုတ်ပြန်ခဲ့ပါသည်။

(၄) ၂၀၁၃-ခုနှစ်၊ ဇွန်လ (၁၅)ရက်၊ စနေနေ့တွင် ကျင်းပခဲ့သော ကုန်သည်စက်မှုလက်မှု အသင်းချုပ်၏ ၂၀၁၃-၂၀၁၆ သက်တမ်းအတွက် အလုပ်အမှုဆောင်ရွေးချယ်ပွဲအား ဦးစီးကျင်းပ ခဲ့သည့် ကော်မရှင်မှာ ၎င်းရွေးချယ်ပွဲနှင့်ပတ်သက်၍ မဲဆန္ဒရှင် စာရင်းကြီးကြပ်ခြင်း၊ မဲပေးခြင်း၊ မဲစာရင်းရေတွက်စစ်ဆေးခြင်း၊ ရွေးချယ်ခံရသည့်ပုဂ္ဂိုလ်များအား ကြော်ငြာ ပေးခြင်းများသာ မှန်ကန်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ အချုပ်အားဖြင့် အသင်းဝင်များ၏ ဆန္ဒမဲပေးခြင်း ကိုသာ စိစစ်ဆောင်ရွက်ပေးနိုင်ခဲ့သည်ဟု တွေ့မြင်ရပါ သည်။ ရွေးကောက်ပွဲကော်မရှင်တစ်ရပ် ၏ တာဝန်မှာ-

(က) ကုန်သည်စက်မှုလက်မှုအသင်းချုပ်နှင့် အသင်းအဖွဲ့ စည်းမျဉ်း စည်းကမ်း၊ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ အရည်အချင်းနှင့် တာဝန်များ ပြစ်မှုများ အရေးယူ ဆောင်ရွက်ချက်များ။

(ခ) အမှုဆောင်အသင်းရွေးချယ်ရာတွင် ဆန္ဒမဲပေးခွင့်ရှိသူများ၏ အရည်အချင်းသာမက အသင်းသားများ ကိုယ်စားပြု ရွေးချယ်ခံလိုသည့် အလုပ်အမှုဆောင်များ၏ အရည် အချင်းကို အချိန်ယူစစ်ဆေးခြင်းလုပ်ငန်းများ။

(ဂ) လက်ရှိတာဝန်ယူ ဆောင်ရွက်နေသောအသင်းချုပ် ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင် အဖွဲ့ဝင်ဟောင်းများ၏တာဝန်၊ လုပ်ပိုင်ခွင့်ဘဏ္ဍာရေးသုံးစွဲမှုများသည် အမှုဆောင်သစ် ရွေးချယ်ပွဲနှင့်ပတ်သက်၍ တရားမျှတ နည်းလမ်းမှန်ကန်မှုရှိမရှိ စစ်ဆေးခြင်းလုပ်ငန်း များ။

(ဃ) အသင်းချုပ်ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ဟောင်းများသည် အသင်းသားများအား ဆန္ဒမဲပြုရန်ကိစ္စအတွက် အများစု လာရောက်မဲဆန္ဒပြုနိုင်အောင် လုံလောက်သော အချိန်ပေး၍စည်းရုံးလှုံ့ဆော်ခြင်း၊ မီဒီယာကဏ္ဍအသီးသီးမှ ကြော်ငြာပေးခြင်း စသည်တို့ လုပ်ဆောင်ထားမှု ရှိ/မရှိ

(င) အသင်းသား (၂၀၀၀) ကျော်ရှိသည့်အနက် အမှန်တကယ် ဆန္ဒမဲပေးခဲ့သူ စာရင်းနှင့် ရာခိုင်နှုန်း အချိုးအစားအရ အောင်မြင်သောရွေးကောက်ပွဲဟု သတ်မှတ်နိုင်ခြင်း ရှိ/မရှိ ကိစ္စတို့ကို ရွေးချယ်တင်မြှောက်ပွဲ ကျင်းပပေးသည့်ကော်မရှင်မှ ဆောင်ရွက် ပေးရန် လိုအပ်ပါသည်။ ရွေးကောက်ပွဲကော်မရှင်၏ တာဝန်မှာ မှန်ကန်သော ရွေးကောက်ပွဲသာမက တရားမျှတသောရွေးကောက်ပွဲ ကျင်းပပေးရန်လည်း လိုအပ် သည်ဟု အကြံပြုလို ပါသည်။

(၅) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ နယ်ပယ်အသီးသီးတွင်ရှိသော စီးပွားရေးလုပ်ငန်းများနှင့် လုပ်ငန်းရှင်များအားလုံးအတွက် ကိုယ်စားပြုသော နိုင်ငံတော်၏ အကျိုးစီးပွားအတွက် အသင်း၏ကိုယ်စားလှယ်များဖြစ်ကြပြီး အသင်းသားများ (သို့) စီးပွားရေးလုပ်ငန်းရှင်များ၏ တူညီမျှတသော အခွင့်အရေးများနှင့် ရပိုင်ခွင့်ကိစ္စရပ်များ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး ကဏ္ဍကြီး(၃)ရပ်မှ နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များနှင့် ထိတွေ့ဆက်ဆံအကြံပြုရာတွင် ကိုယ်ကျိုးမဖက် ဖြောင့်မတ်တည်ကြည်၍ အသင်းသားများနှင့် နိုင်ငံတော်အကျိုးအတွက် ရဲရဲရင့်ရင့်ဆောင်ရွက် နိုင်သူများဖြစ်ရန်လိုအပ်ပါသည်။

- တို့သို့ဆောင်ရွက်နိုင်ရန်အတွက် ကုန်သည်နှင့်စက်မှုအသင်းချုပ်၏ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင် လူကြီးများ၏အရည်အချင်းအား နိုင်ငံတော်မှ သတ်မှတ်ပြဋ္ဌာန်းလမ်းညွှန်သင့်ပါသည်။

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် မိမိတို့လုပ်ကိုင်နေသော စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရိုးသား ကြိုးစားပြီး အောင်မြင်လာသူများ (သို့မဟုတ်) ပြည်သူကလေးစားသည့် အထင်ကြီးသည့်၊ အတုယူရမည့် ကျင့်ဝတ်သိက္ခာ စောင့်ထိန်းသော စီးပွားရေးလုပ်ငန်းရှင်များ (သို့မဟုတ်) ပြည်သူလူထုအား ဆင်းရဲခြင်းမှ လွတ်ကင်းအောင် လမ်းပြပေးနိုင်မည့်သူများ (သို့မဟုတ်) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအား ဆင်းရဲတွင်းမှ လွတ်ကင်း၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် လမ်းပြစွမ်းဆောင်နိုင်သူများဖြစ်ရန် ဟူသော မူများကို အခြေခံသင့်ပါသည်။

၆။ ကုန်သည်စက်မှုအသင်းချုပ်၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရာတွင် နိုင်ငံတော်မှ ဒီမိုကရေစီစံနှုန်းနှင့်အညီ အသင်းကြီး၏အနာဂတ်အရေးနှင့် နိုင်ငံတော်အကျိုးစီးပွားအတွက် လိုအပ်သော လမ်းညွှန်မှုများကို ဆောင်ရွက်သင့်ပါသည်။

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သည် အစိုးရတစ်ရပ်ရပ်၏ ဩဇာခံ၊ ဒိအားပေးခံရသော အဖွဲ့အစည်း မဖြစ်စေရ။ ကိုယ်ပိုင် တွေးခေါ်၊ ကြံဆခွင့် လွတ်လပ်စွာပြောဆိုခွင့်၊ ရေးသားခွင့်၊ ဝေဖန်ခွင့်ရှိသော အဖွဲ့အစည်းတစ်ခုဖြစ်ရန် ဟူသော မူကို အခြေခံသင့်ပါသည်။

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်သည် ပါတီတစ်ရပ်ရပ်၏ ဩဇာခံ၊ ဒိအားပေးခံရသော အဖွဲ့အစည်းမဖြစ်စေရ၊ ပါတီတစ်ရပ်ရပ်၏ ရွေးကောက်ပွဲတွင် အနိုင်ရရေးအတွက် အသုံးချခံအဖွဲ့အစည်း မဖြစ်စေရ ဟူသော မူကိုလည်း အခြေခံသင့်ပါသည်။

၃။ ၂၀၁၃-ခုနှစ်၊ ဇွန်လ (၁၅)ရက်နေ့တွင် ကျင်းပပြုလုပ်သော ကုန်သည်နှင့်စက်မှုအသင်းချုပ်၏ ၂၀၁၃-၂၀၁၆ ခုနှစ် အလုပ်အမှုဆောင်သစ် ရွေးချယ်ပွဲတွင် အောက်ပါအခြေအနေများ ဖြစ်ပေါ်နေသည်ကို တွေ့ရှိရပါသည်။

(က) ဆန္ဒပြုခွင့်ရှိသူ အသင်းသား ၂၀,၀၀၀ ကျော်ရှိသည့်အနက် ၅၀၀ ဝန်းကျင်သာ ဆန္ဒမဲပေးခဲ့ခြင်းကြောင့် မဲဆန္ဒပေးခွင့်ရှိသူ၏ 2.5% ရာခိုင်နှုန်းသာ ဆန္ဒမဲပေးခဲ့ခြင်း။

(ခ) ဆန္ဒမဲပြုခွင့်ရှိသူ အသင်းသားများအား အသင်းချုပ်စည်းမျဉ်းပါအရ (၂၁)ရက်ကြိုတင် အကြောင်းမကြားခြင်း။

(ဂ) ကုန်သည်အသင်းချုပ်၏ ၂၀၁၃-ခုနှစ်၊ ဇွန်လ (၉)ရက်နေ့ နေ့စွဲပါ သတင်းထုတ်ပြန်ချက် အရ ယခင်ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ နုတ်ထွက်မည်ဟု ဆိုသော် လည်း ယခုရွေးကောက်ပွဲတွင် ၉၀%ရာခိုင်နှုန်းပြန်လည်အရွေးချယ်ခံခြင်း၊ ကျန် ၁၀%ရာခိုင်နှုန်းမှာ ၎င်းတို့၏ ကုမ္ပဏီများမှ ဆွေမျိုးတော်စပ်သူများ၊ ဒါရိုက်တာများ၊ ဝန်ထမ်းများကို ဝင်ရောက်ယှဉ်ပြိုင်စေခြင်း။

(ဃ) အလုပ်အမှုဆောင် (၆၉)ဦးရွေးချယ်ရာတွင် ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ အချင်းချင်း တစ်ဦးနှင့်တစ်ဦးအပြန်အလှန် မဲပေးကြခြင်းသာမက၊ ၎င်းတို့ ဩဇာ အာဏာသက်ရောက်သော ဆန္ဒမဲပေးရွေးချယ်ပေးရမည့် လူပုဂ္ဂိုလ်စာရင်းစာရွက် ကို ကြိုတင်ဝေငှ၍ ရွေးချယ်စေခြင်း၊

(င) ကုန်သည်စက်မှုလက်မှုအသင်းချုပ်တွင် အလုပ်အမှုဆောင် (၁၂၉)ဦးဖြင့် ဖွဲ့စည်း ရမည်ဖြစ်ပါသည်။ (၆၉)ဦးအား အသင်းဝင်များမှ ဆန္ဒမဲပေးရွေးချယ်ရမည်ဖြစ်ပြီး၊ ကျန်(၆၀)ဦးအား ကုန်သည်အသင်းချုပ်၊ ညီနောင်အသင်း (၆၉)သင်းမှ ဥက္ကဋ္ဌ (သို့မဟုတ်) အတွင်းရေးမှူး (သို့မဟုတ်) အလုပ်အမှုဆောင်အဖွဲ့ဝင်အား ပါဝင် အားဖြည့်စေခြင်း တို့ကို တွေ့ရှိရပါသည်။

(စ) ထို့အပြင်သာမက ယခင်ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များသည် အပိုဒ်(ဃ)ပါ ဆောင်ရွက်မှုများအတိုင်း ညီနောင်အသင်းမှ ကိုယ်စားပြုသော ရွေးချယ်ရမည့် (၆၀)ဦးတွင် မပါဝင်သေးသော ညီနောင်အသင်းမှ ကျန်ရှိ နေသော အလုပ်အမှုဆောင်များအား ဆန္ဒမဲပေးရမည့် ပုဂ္ဂိုလ် (၆၉)ဦးစာရင်းတွင် ထည့်သွင်း၍ မိမိတို့ဩဇာအာဏာသက်ရောက်သော ဆန္ဒမဲပေးရမည့် ကုမ္ပဏီများထံ ကြိုတင်စာရင်းဝေငှ၍ ရွေးချယ်စေခဲ့ပါသည်။

(ဆ) ကုန်သည်စက်မှုအသင်းချုပ် ယခင်ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့တွင် ပါဝင်သော လူပုဂ္ဂိုလ်များ၏ စီးပွားရေးလုပ်ငန်းတူရာ၊ လူမျိုးတူရာ၊ စုစည်းနေကြပြီး အသင်းချုပ် တွင်ပါဝင်ရွေးချယ်ခံမည့် အလုပ်အမှုဆောင်အဖြစ် ပါဝင်ဆောင်ရွက်လိုသူများအား ခွဲခြားဆက်ဆံခြင်း၊ အထင်အမြင်သေးခြင်း၊ အသင်းချုပ် အဆောက်အဦး အား မိမိတို့ပိုင်ဆိုင်သည့် ပစ္စည်းကဲ့သို့ သတ်မှတ်ထားခြင်းနှင့်အမှုဆောင်အဖြစ် ဆောင်ရွက် လိုသူများအား မလိုသည့်ပုံစံနှင့် တူညီသောအပြုအမူများကို တွေ့ရှိရပါသည်။

၆။ သို့ဖြစ်ပါ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင် များအသင်းချုပ် ၂၀၁၃- ၂၀၁၆ ခုနှစ်၊ အလုပ်အမှုဆောင်သစ်ရွေးချယ်ပုံစနစ်အား မှန်ကန်ခြင်းနှင့် တရားမျှတမှု ရှိ/မရှိအား နိုင်ငံတော်၏ တာဝန်ရှိသူများမှ မကြာမီကျင်းပမည့် အသင်းချုပ် ညီလာခံမတိုင်မီ စစ်ဆေးဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

(နိုင်ငံတော်မှ စစ်ဆေးဆောင်ရွက်ခြင်း၊ ကြေငြာချက်တစ်စုံတစ်ရာထုတ်ပြန်ခြင်းမရှိဘဲ အသင်းချုပ်၏ ညီလာခံအား ကျင်းပခဲ့ပါက ၎င်းညီလာခံအား ပြင်းထန်စွာဆန့်ကျင်မည်ဖြစ်ကြောင်း အတိအလင်းကြေငြာအပ်ပါသည်။)

ဦးခင်လှိုင်
အသင်းဝင်အမှတ် - ၁၅၃၄၀ (၁၀-၅-၂၀၀၆)
ဇော်တိကအပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက်
ဖုန်း - ၀၉-၅၀၁၃၆၀၉
**E-mail : ukhinhlaing@zawtika.com**
**mr.ikhinhlue@gmail.com**